# User guide digital copy များ ရနိုင်ဖို့

ကိုယ့် laptop အတွက် instruction guide လိုအပ်နေပါသလား။ ထူးထူးခြားခြား ဖွဲ့စည်းထားတဲ့ ပုံစံတစ်ခု မဖြစ်ခဲ့ရင် အဲဒါတို့ကို ရှာဖွေဖို့ အကြံဉာဏ်ကောင်းရှိပါသေးတယ်။ တကယ်လို့ ကိုယ်သိမ်းထားမိတာက hardcopy တွေဆိုရင် ဘယ်မှာထားသလဲဆိုတာကို သိခဲ့ရင်တောင်မှ ထပ်နိုး၊ ဒါမှမဟုတ် မြေအောက်ခန်းကိုသွားပြီး သေတ္တာတွေထဲမှာ သွားရှာယူလာရမှာပါ။ ဘယ်လောက်တောင် ကသီလင်တ ဖြစ်လိုက်မလဲ။

ဘာကြောင့် ကိုယ့် manual တွေကို digital library တစ်ခုအဖြစ် မသိမ်းထားတာလဲ။ အဲဒါတွေကို PC၊ tablet နဲ့ smartphone၊ ဒါမှမဟုတ် အဆင်ပြေတဲ့နေရာတစ်ခုခုမှာ သိမ်းထားသင့်ပါတယ်။ iPad ပေါ်မှာရှိတဲ့ PDF viewer မှာ၊ နေရာမရွေး အလုပ်လုပ်နိုင်တဲ့ Dropbox account စတဲ့ နေရာအတော်များများမှာလည်း သိမ်းထားနိုင်ပါသေးတယ်။




ဒါပေမဲ့ printer၊ monitor၊ digital camera နဲ့ အခြား item တွေအတွက် manual တွေကို ဘယ်လို ရှာဖွေနိုင်မှာလဲ။ ကိုယ်ပိုင်ဆိုင်တဲ့ hardware တစ်ခုစီအတွက် သင့်တော်တဲ့ guide ကို ရှာမတွေ့ရင် ထုတ်လုပ်သူရဲ့ website တစ်ခုချင်းစီကို ရှာဖွေသင့်ပါတယ်။ ဒါပေမဲ့ ပိုကောင်းတဲ့ အကြံပြုချက်တစ်ခုရှိပါတယ်။ Retrevo (retrevo. com) ကို သွားပါ။

## Seek and retrieve

Retrevo site မှာ calculator တွေနဲ့ cell phone တွေ ကစပြီး TV တွေနဲ့ remote control တွေအဆုံး electronic ပစ္စည်း အမျိုးအစားအားလုံးအတွက် download ဆွဲယူနိုင်ပါတယ်။ Site မှာရှိတဲ့ ပြည့်စုံတဲ့စာရင်းကို ရှာ ဖွေရာမှာ လှည့်စားမှုတွေကို သိထားရပါမယ်။

Retrevo က အမိကဈေးဝယ်ထွက်တဲ့ နေရာတစ်ခုပဲ ဖြစ်ပါတယ်။ ပြီးတော့ အဲဒီ site မှာ ကုန်ပစ္စည်းဈေးနှုန်းတွေနဲ့ ဝေဖန်ချက်တွေကို စုစည်းထားပါတယ်။ အဲ့ဒီနေရာမှာ brand အမျိုးအစား ၁,၀၀၀ ထက် ကျော်တဲ့ ကုန်ပစ္စည်းတွေအတွက် manual ၁၀၀,၀၀၀ ကျော် (electronic ပုံစံနဲ့) ကိုလည်း သိမ်းထားပေးပါတယ်။ Site ထဲကို ရောက်ရှိတဲ့ အခါ user manuals section ရှိတဲ့ link ဆီကို သွားနိုင်ပါတယ်။

Click လုပ်ပြီးသွားတဲ့အခါ 'User Manuals for Popular Brands' လို့ခေါ်တဲ့ section ကို မြင်တွေ့ရ မှာပါ။ Brand ပေါ်မှာ click လုပ်ပါ။ ဒါမှမဟုတ် အက္ခရာစဉ်အတိုင်းရှာချင်ရင် စာလုံးပေါ်မှာ click လုပ်ပါ။ ဒါမှမဟုတ်ရင်လည်း အမျိုးအစားအရ ရှာဖွေကြည့်နိုင်ပါတယ်။ ဒါမှမဟုတ် ကုန်ပစ္စည်း အမျိုးအစားအရ (ဥပမာ– iPhone) ရှာဖွေနိုင်ပါတယ်။

လိုချင်တဲ့ manual ကို ရှာပြီးတဲ့အခါ PDF file အဖြစ်နဲ့ အလွယ်တကူ download ဆွဲယူနိုင်ပါတယ်။ အဲဒီလမ်းကြောင်းနဲ့ အဆင်မပြေဘူးဆိုရင် ကုန်ပစ္စည်းအမှတ်တံဆိပ်/ model နဲ့ ကိုက်ညီမှုရှိတဲ့ PDF တွေအတွက် google search ကို run ပြီး ကြိုးစားနိုင်ပါတယ်။ဥပမာ– iPod touch user guide ရဲ့ PDF version ကိုရှာဖွေဖို့အသုံးပြုခဲ့တဲ့ string ပုံစံက iPod touch user guide filetype:pdf ဖြစ်ပါတယ်။

Manual တွေရဲ့ electronic library ကို စုဆောင်းပြီးပြီဆိုရင် paper version အဟောင်းကို circular file (ဒါမှမဟုတ် recycling receptacle ထဲမှာ ခဏထားနိုင်ပါတယ်)ထဲကို ပစ်လိုက်နိုင်ပါပြီ။